**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**

## ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး (၃၆) နှစ်မြောက် အခမ်းအနားသို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းရုံးမှ ပေးပို့သော သဝဏ်လွှာ

၂၀၂၄ ခုနှစ် ဩဂုတ်လ (၈) ရက်

(၃၆) နှစ်တိုင်ခဲ့ပြီဖြစ်သော ရှစ်လေးလုံးအရေးတော်ပုံသမိုင်းသည်မေ့ပျောက်၍ မရသော လူထုအရေးတော်ပုံတခုဖြစ်ပြီး တပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ကာ ဒီမိုကရေစီစနစ်ကို ကြွေးကျော်တောင်းဆို တိုက်ပွဲဝင်ခဲ့သည့် သမိုင်းမှတ်တိုင်တခု ဖြစ်ပါသည်။ အရေးတော်ပုံ ကာလတလျှောက်တွင် အသက်၊ သွေး၊ သွေး နှင့် ဘဝပေါင်းများစွာကို ရင်းနှီး၍ တပါတီ အာဏာရှင်စနစ်နှင့် ၎င်းစနစ်မှ အသွင်ပြောင်းသွားသည့် စစ်အာဏာရှင်စနစ်ကို အာခံဆန့်ကျင် တိုက်ပွဲဝင်ခဲ့ကြသော ကျောင်းသားပြည်သူများအားလုံးကို ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ဦးညွတ်ဂုဏ်ပြုအပ်ပါသည်။

အာဏာရှင် ဦးနေဝင်းဦးဆောင်သော တပါတီအာဏာရှင်များ၏ မှားယွင်းသည့် အုပ်ချုပ်ရေး၊ စီးပွားရေး နှင့် လူမှုရေး မူဝါဒများသည် နောက်ဆုံး မြန်မာနိုင်ငံအား ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ (LDC) အဖြစ်သို့ ကျရောက်ခဲ့စေရာမှ အထွေထွေ အကြပ်အတည်းများဖြစ်ပေါ်လာခြင်း၊ထိုအခြေအနေများကိုကုစားရေးအတွက်ကျောင်းသားများဦးဆောင်သော ဒီမိုကရေစီ တောင်းဆိုမှုများပေါ်ပေါက်ခြင်းတို့သည် သမိုင်းမှတ်တိုင်များဖြစ်ခဲ့သလို တော်လှန်ရေးနယ်မြေရောက်ရှိပြီး ဖက်ဒရယ် "မူ" ကို ပထမဦးဆုံး လက်ခံသော ဗမာပြည်သူများသည်လည်း ရှစ်လေးလုံးမျိုးဆက်များပင် ဖြစ်ပါသည်။

ယနေ့ စစ်အုပ်စုသည် ယခင်တပါတီအာဏာရှင်နှင့် စစ်အာဏာရှင်များကို ဆက်ခံပြီး ၎င်းတို့ မှားယွင်းခဲ့သည့်လမ်းကို တစိုက်မတ်မတ်ဆက်လက် လျှောက်လှမ်းသည့်အတွက် မြန်မာနိုင်ငံသည် ကျရှုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် အာဏာရှင်အသီးသီးက မှားယွင်းခဲ့ပြီးသည့်အမှားများကို ဆက်လက်ကျူးလွန်ခွင့်မပေး ရေးနှင့် ကျရှုံးနေသည့်နိုင်ငံကို ကယ်တင်နိုင်မည့် တခုတည်းသောနည်းလမ်းဖြစ်သော စစ်အာဏာရှင်စနစ် အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆိုကို ဖယ်ရှားပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကိုထူထောင်ရေးအတွက် ပြည်သူလူထု တရပ်လုံးက စည်းလုံးကာ ကဏ္ဍပေါင်းစုံမှ ဆက်လက်တော်လှန်တိုက်ပွဲဝင်သွားရန် တိုက်တွန်းရင်း ဂုဏ်ပြုသဝဏ် လွှာ အား ပေးပို့အပ်ပါသည်။

စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**